**မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**

**နေ့စဉ်စျေးကွက်သတင်းလွှာ**

**August 13, 2024** | **Volume 81, Number 9**

၁၃.၈.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = ၂၄၆၃ US$ |
| မြန်မာ့ရွှေစျေး | = N/A |
| ဒေါ်လာစျေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၂.၅ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၆.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၈၆.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၅.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၈၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၀၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၃.၂၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၁.၈၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၇၃၅ ကျပ် |

Source: CBM Rate, etrademyanmar.com

## ၁၄၂ ကြိမ်မြောက် မြန်မာ့တောင်ပင်လယ် ပုလဲရောင်းချပွဲ စတင်ကျင်းပ




၁၄၂ ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲ ရောင်းချပွဲပထမနေ့ကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပပြီး ပုလဲအတွဲပေါင်း ၇၀၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ပုလဲရောင်းချပွဲတွင် ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ရောင်းချရန် ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို စိတ်ကြိုက်လေ့လာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ထို့နောက် ရတနာကုန်သည်များသည် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဩဂုတ် ၁၃ ရက်တွင် ရောင်းချမည့် ပုလဲအတွဲများအတွက် စျေးနှုန်းအဆိုပြုလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

၂၀၂၄ ခုနှစ်၊ မြန်မာ့တောင်ပင်လယ် ပုလဲရောင်းချပွဲတွင် ပုလဲအလုံးပေါင်း ၁၇၅,၀၀၀၊ ပုလဲအတွဲပေါင်း ၇၀၀ ကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဩဂုတ် ၁၂ ရက်မှ ဩဂုတ် ၁၅ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး ဩဂုတ် ၁၃ ရက်တွင် ပုလဲအတွဲပေါင်း ၂၃၀၊ ဩဂုတ် ၁၄ ရက်တွင် ပုလဲအတွဲပေါင်း ၂၃၀ နှင့် ဩဂုတ် ၁၅ ရက်တွင် ပုလဲအတွဲပေါင်း ၂၄၀ တို့ကို ပြည်တွင်း ပြည်ပရတနာကုန်သည်များအား အမေရိကန်ဒေါ်လာဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## မန္တလေးဈေးကွက်တွင် ဩဂုတ်လ ဒုတိယပတ်အတွင်း သကြား အရောင်းအဝယ်ကောင်းမွန်လာ




မန္တလေးဈေးကွက်တွင် ဩဂုတ်လ ဒုတိယပတ်အတွင်း သကြား အရောင်းအဝယ်ကောင်းမွန်လာကြောင်း မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း(မန္တလေး) ဒုတိယဥက္ကဋ္ဌ ဦးဝင်းငွေးကပြောသည်။ မန္တလေးဈေးကွက်အတွင်း ဩဂုတ်လ ပထမပတ်က သကြားအရောင်းအဝယ်မှာ ပုံမှန်အနေအထားတိုင်းသာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ မန္တလေးဈေးကွက်တွင် ဩဂုတ်လ ဒုတိယပတ်အတွင်း သကြားအရောင်းအဝယ် တဖြည်းဖြည်းပြန်လည် ကောင်းမွန်လာကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲမှာ သကြားက ကုန်စည်လက်ကျန် ပြတ်တာမျိုးတွေတော့မရှိပါဘူး။ အခုလတ်တလော မန္တလေးဈေးကွက်ထဲမှာ ကုန်သည်တွေအဝယ်များလာတာကြောင့် သကြားလက်ကျန်ပြန်ပြီးရှားပါးလာတယ်။ သကြားအရောင်းအဝယ်ကလဲ ပြန်ပြီးကောင်းလာပါတယ်"ဟု ဦးဝင်းငွေးက ပြောသည်။ မန္တလေးဈေးကွက်အတွင်း ယခုလက်ရှိ ပြည်တွင်း၊ ပြည်ပကဝယ်ယူမှု များပြားလာခြင်းကြောင့် သကြား အရောင်းအဝယ် ပြန်လည်ကောင်းမွန်ခဲ့ပြီး ဩဂုတ်လ ၁၂ ရက်တွင် သကြားတစ်ပိဿာလျှင် ကျပ် ၄၇၅၀ ထိ ပေါက်ဈေး ရှိကြောင်း သိရသည်။

"ပြည်တွင်းက ထွက်ရှိတဲ့သကြားကို အများဆုံးဝယ်ယူတဲ့ ပြည်ပနိုင်ငံတွေကတော့ ဗီယက်နမ်၊ ထိုင်းစတဲ့နိုင်ငံတွေက မှာယူမှု အများဆုံးဖြစ်ပါတယ်။ ပြည်ပက သကြားမှာယူမှုတွေ ပြန်ပြီးများလာတာကြောင့် ပြည်တွင်းဈေးကွက်မှာလဲ သကြားက အရောင်းအဝယ် တော်တော်လေးပြန်ပြီးကောင်းလာပါတယ်"ဟု ဦးဝင်းငွေးက ဆက်လက်ပြောပြသည်။ ပြည်တွင်း၌ သကြားထွက်ရှိမှု အများဆုံးတိုင်းဒေသကြီးများမှာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ဖြစ်ကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ပင်လယ်စာခုံးပိဿာချိန် ၇၇,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပင်လယ်စာခုံးပိဿာချိန် ၇၇,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ပပက ပြောပြ၍ သိရသည်။ လပွတ္တာမြို့နယ်တွင် သဘာဝအတိုင်း ဖမ်းယူရရှိသည့် ပင်လယ်စာခုံးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဇွန်လအတွင်းက ပင်လယ်စာ ခုံးပိဿာချိန် ၅၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့်ဇူလိုင်လ ၁ ရက်မှ ၃၁ ရက်ထိ ပင်လယ်စာခုံးပိဿာချိန် ၇၇,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဒေသကထွက်တဲ့ ပင်လယ်စာခုံးတွေ ပြည်တွင်းဈေးကွက်မှာ အဝယ်လိုက်နေပါတယ်။ ပြီးခဲ့တဲ့ဇူလိုင်လအတွင်း ပင်လယ်စာခုံးတွေ အရောင်းအဝယ်ကောင်းခဲ့ပါတယ်။ အရင်လတွေကထက် ကုန်ချိန်တွေလဲ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကထွက်တဲ့ ငါးတွေ၊ ပုစွန်တွေ၊ ကဏန်းတွေအပြင် ပင်လယ်စာခုံးကို သဘာဝအတိုင်း ရှာဖွေဖမ်းယူရရှိကြတာ ဖြစ်ပါတယ်။ ဒေသထွက်ပင်လယ်စာခုံးတွေကို လပွတ္တာမြို့ကနေတစ်ဆင့် ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချတာပါ။ အခု အရောင်းအဝယ်တွေ ပုံမှန်ထက်ပိုမိုအရောင်းသွက်လက်လာတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေ ပြန်ပြီးအလုပ်အကိုင်

အခွင့်အလမ်းတွေရရှိတာပေါ့” ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ပပက ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးအမျိုးမျိုး၊ ပုစွန်အမျိုးမျိုး၊ ကဏန်းများ အပြင် ပင်လယ်စာခုံးများကို ရေလုပ်သားများထံမှ ဝယ်ယူပြီး စနစ်တကျသန့်စင်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် အခြားဒေသများသို့ ဆက်လက်တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ဗီယက်နမ်နိုင်ငံ အထည်အလိပ်နှင့်အထည်ချုပ်တင်ပို့မှုမှ ဝင်ငွေ ဒေါ်လာ ၂၃ ဒသမ ၉ ဘီလီယံရရှိ

ဗီယက်နမ်နိုင်ငံအထည်အလိပ်နှင့်အထည်ချုပ်ထုတ်ကုန်များ၏ ပို့ကုန်တန်ဖိုးသည် ဇူလိုင်လတွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၉ ဘီလီယံရှိကာ တစ်နှစ်ထက်တစ်နှစ် ၁၂ ဒသမ ၄ ရာခိုင်နှုန်းတိုးလာကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

ယခုနှစ် ပထမခုနစ်လတွင် ဤကဏ္ဍ၏ စုစုပေါင်းပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၉ ဘီလီယံ အထိရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၅ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံသည် အထည်အလိပ်နှင့် အထည်ချုပ်ပစ္စည်းများကို နိုင်ငံပေါင်း ၁၁၃ နိုင်ငံသို့ တင်ပို့ခဲ့ပြီး၊ အဓိက တင်ပို့သည့်ဈေးကွက်များမှာ အမေရိကန်၊ EU၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံနှင့် တရုတ်တို့ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါကဏ္ဍအနေဖြင့် ၂၀၂၄ ခုနှစ်တွင် စုစုပေါင်းပို့ကုန်ဝင်ငွေ ဒေါ်လာ ၄၄ ဘီလီယံကို ရည်မှန်းထားကြောင်းနှင့် ပြီးခဲ့သည့်နှစ်က ဤကဏ္ဍမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၅ ဘီလီယံရရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၁၀ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဖော်ပြထားသည်။

**Source: Vietnam Economic Times**

**(စီးပွားရေးသံမှူး၊ဗီယက်နမ်)**

https://myantrade.gov.mm/

## ဖိလစ်ပိုင်နိုင်ငံမှ သကြားကုန်ကြမ်းများအား အမေရိကန်နိုင်ငံသို့ ပြန်လည်တင်ပို့နိုင်ခဲ့



ဖိလစ်ပိုင်နိုင်ငံသည် ၎င်း၏နောက်ဆုံးတင်ပို့မှုအပြီး လေးနှစ်အကြာတွင် သကြားကြမ်း ၂၅,၃၀၀ မက်ထရစ်တန်အား ယခုနှစ်အတွင်း အမေရိကန်သို့ တင်ပို့နိုင်တော့မည်ဖြစ်ကြောင်း စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များထံမှ သိရသည်။ Sugar Regulatory Administration (SRA) သည် ပြီးခဲ့သည့် သောကြာနေ့၊ ဇူလိုင်လ ၂၆ ရက်တွင် သကြားအမိန့် အမှတ်စဉ်(၃) အား ထုတ်ပြန်ခဲ့ပြီး ၂၀၂၄ ဘဏ္ဍာနှစ်တွင် ဖိလစ်ပိုင်နိုင်ငံအနေနှင့် ဝါရှင်တန်၏ သကြားခွဲတမ်းကိုလည်း ဖြည့်ဆည်းပေးရန်အတွက် ပြည်တွင်းထုတ်လုပ်သူများအား အချက်ပြပေးခဲ့သည်။

အဆိုပါအမိန့်ကို စိုက်ပျိုးရေးအတွင်းရေးမှူး Francisco Tiu Laurel, Jr.1 စိုက်ပျိုးရေး လက်ထောက်အတွင်းဝန် Roger Naverror Ma. Mitizi Mangwag နှင့် စိုက်ပျိုးသူများ ကိုယ်စားလှယ် David Andrew Jansoin တို့ လက်မှတ်ရေးထိုးခဲ့သည်။ မုန်တိုင်းများ ဆက်တိုက်ဖြစ်ပွားပြီးနောက် Negros Occidental နှင့် Bantangai အပါအဝင် အခြားသကြားထုတ်လုပ်သော ပြည်နယ်များ ထိခိုက်ပြီးနောက် ပြည်တွင်းသကြား ထုတ်လုပ်မှုတစ်ခုလုံးကို ဒေသတွင်းဈေးကွက်သို့ ခွဲဝေပေးရန်အတွက် ၂၀၂၂ ခုနှစ်တွင် SRA မှ အမိန့်ထုတ်ပြန်ခဲ့သည်။

လက်ရှိပြည်တွင်းသကြားထုတ်လုပ်မှုသည် စုစုပေါင်း မက်ထရစ်တန် ၁ ဒသမ ၈၂ သန်းကျော် ရှိပြီး ယခင်နှစ်က မှတ်တမ်းတင်ထားသည့် ၁၂၀,၀၀၀ မက်ထရစ်တန်ထက် ပိုများကြောင်း SRA မှ မှတ်ချက်ပြုခဲ့သည်။ သောကြာနေ့တွင်လည်း

ဝါရှင်တန်က ဖိလစ်ပိုင်အား အကောက်ခွန်နှုန်း သက်သာစွာဖြင့် သကြားကုန်ကြမ်း ပိုမိုတင်ပို့နိုင်ရန် အချက်ပြပေးခဲ့သည်။

အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ်ရုံး၏ ထုတ်ပြန်ချက်အရ ဖိလစ်ပိုင်နိုင်ငံသည် ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ကြိုကုန်ကြမ်း မက်ထရစ်တန်ချိန် ၁၄၅,၂၃၅ ကို ပေးအပ်နိုင်မည်ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ၏ ခွဲဝေချထားမှုသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သဘောတူညီချက် အမေရိကန် ကတိကဝတ်၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။ သန့်စင်ပြီးသကြား အတွက် ဖိလစ်ပိုင်အစိုးရမှ ၂၀၂၄ ခုနှစ် နှစ်ဝက်တွင် မက်ထရစ်တန်ချိန် ၂၀,၀၀၀ မြှင့်တင်နိုင်ရန် ရည်ရွယ်ထားသည်။ ဖိလစ်ပိုင်မှ ယခုကဲ့သို့ သန့်စင်ပြီးသကြားများသာ တင်သွင်းရခြင်းမှာ နည်းပါးခြင်း သို့မဟုတ် အကန့်အသတ်ဖြင့်သာ လုပ်ဆောင်နိုင်စွမ်း ရှိခြင်းတို့ကြောင့်ဖြစ်သည်။

**Source: business.inquirer**

**Source:** https://www.doca.gov.mm

## ပူပြင်းခြောက်သွေ့မှုကြောင့် မလေးရှား၏ ဆန်စပါးထုတ်လုပ်မှု ၅၀ ရာခိုင်နှုန်း ခန့်လျော့ကျဖွယ်ရှိ

မလေးရှားနိုင်ငံတွင် အပူလွန်ကဲမှုနှင့် မိုးခေါင်မှုကြောင့် စပါးဧက ၁၃၀,၀၀၀ (၅၂,၆၀၉ ဒသမ ၁၃ ဟက်တာ) ခန့် ထိခိုက်မှုဖြစ်ပေါ်ခဲ့ရာ ယခုနှစ် ဆန်စပါးထုတ်လုပ်မှုအတွက် ကိုယ်ပိုင်စွမ်းအားဖြင့် လုံလောက်နိုင်မှုအဆင့် (Self-Sufficiency Level – SSL) သည် ၅၀ ရာခိုင်နှုန်းအထိ ကျဆင်းဖွယ်ရှိကြောင်း The Malaysian Reserve သတင်းဌာနက ဖော်ပြထားသည်။ အဆိုပါအချက်က နိုင်ငံ၏ တင်သွင်းဆန်အပေါ် မှီခိုအားထားရမှုအား လျှော့ချရန် ရည်ရွယ်ထားသည့် နှစ်စဉ်ထုတ်လုပ်မှု ၆၀ ရာခိုင်နှုန်း တိုးမြှင့်ရန်လျာထားချက်မှ ၁၀ ရာခိုင်နှုန်း ကျဆင်းစေခြင်းဖြစ်သည်။ Perak, Perlis, Kedah, Melaka နှင့် Kelantan တို့ကဲ့သို့သော အဓိက စပါး စိုက်ပျိုးရာဒေသများတွင် ဆည်ရေရရှိမှု မလုံလောက်ခြင်းသည် လက်ရှိ စိုက်ပျိုးထားရှိမှု ရက် ၅၀ မှ ၆၀ အတွင်း သက်တမ်းရှိနေပြီဖြစ်သော စပါးစိုက်ခင်းများကို ဆိုးရွားစွာ ထိခိုက်စေကြောင်း သိရသည်။

Perlis ပြည်နယ်တွင် Timah Tasoh ဆည်၌ ရေပမာဏ လွန်စွာလျော့ကျမှုကြောင့် စိုက်ပျိုးရေးအတွက် ရေပေးဝေမှုကို ရပ်ဆိုင်းခဲ့ပြီးနောက် အခြေအနေပိုမိုဆိုးရွားလာခဲ့ကြောင်းနှင့် Perak ပြည်နယ်ရှိ Bukit Merah ရေကန်သည်လည်း ဖွန်လကတည်းကပင် ခြောက်သွေ့သွားခဲ့ကြောင်း သိရသည်။

Perak, Kedah, Kelantan နှင့် Terengganu ပြည်နယ်များတွင် စုစုပေါင်း စပါးစိုက် ဧရိယာ ၈၇၈၈ ဧကသည် ခြောက်သွေ့မှုဒဏ်ကို ကြုံတွေ့ခဲ့ရကြောင်း တောင်သူလယ်သမားများအဖွဲ့ ဥက္ကဋ္ဌ Datuk Mahfuz Omar ၏ ပြောကြားမှုအား မလေးနေ့စဉ်ထုတ် သတင်းစာတစ်စောင်က ဖော်ပြခဲ့သည်။ မလေးရှားလယ်သမားညီအစ်ကိုများအသင်း (PeSAWAH) ၏ ကိုယ်စားလှယ်တစ်ဦးဖြစ်သူ Abdul Rashid Yob ကလည်း လက်ရှိကာလအထိ ပူပြင်းသောရာသီဥတုကြောင့် Kerian, Bagan Serai, Selinsing နှင့် Semanggol ဒေသများတွင် အဆိုးရွားဆုံး ထိခိုက်ခဲ့သော စပါးစိုက်ဟက်တာ ၅၀၀၀ ခန့်ရှိကြောင်းနှင့် လယ်ကွင်းများလည်း ခြောက်သွေ့နေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် Kelantan ပြည်နယ်အတွင်း Kemubu စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအာဏာပိုင်အဖွဲ့ (KADA) လက်အောက်ရှိ စပါးစိုက်ဧရိယာ ဟက်တာ ၃၇,၀၀၀ သည် ဆည်ရေမလုံလောက်မှုနှင့် ရင်ဆိုင်နေရကြောင်း၊ မလက္ကာ (Melaka) ဒေသ တွင်လည်း စပါးမဟုတ်သော သီးနှံစိုက်ပျိုးမှု ဧရိယာများမှာ ထိခိုက်မှုဖြစ်ပေါ်ခဲ့ကြောင်း၊ ၎င်းအချက်များက SSL ဖူလုံမှုအဆင့် ကျဆင်းမည်ဟု ခန့်မှန်းရပြီး လယ်သမားများအတွက် ဆုံးရှုံးနိုင်ခြေများကို ဦးတည်နေကြောင်း သိရသည်။

**Source: The Malaysian Reserve, 1 Aug 2024**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

**Source:** https://www.doca.gov.mm

## ကင်ညာနိုင်ငံ၏ ဥယျာဉ်စိုက်ပျိုးရေးထွက်ကုန်များတင်ပို့မှုသည် ၂၀၂၄ ခုနှစ်၏ ပထမသုံးလပတ်တွင် ၁၄ ရာခိုင်နှုန်း အထိတိုးလာ

ကင်ညာနိုင်ငံ၏ ဥယျာဉ်စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့မှုသည် ၂၀၂၄ ခုနှစ်၏ ပထမသုံးလပတ်အတွင်း ၁၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ဥရောပနှင့် အာရှစျေးကွက်များသို့ တင်ပို့ရောင်းချခြင်းဖြင့် ယင်းကဲ့သို့ မြင့်တက်လာခဲ့ကြောင်း ဗဟိုဘဏ်က သောကြာနေ့တွင် ထုတ်ပြန်သော စီးပွားရေးဒေတာအသစ်အရသိရသည်။ ကင်ညာနိုင်ငံသည် ယခုနှစ်သုံးလပတ်အတွင်း ရှီလင် ၄ ဒသမ ၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၅၁ သန်းနီးပါး) ရရှိခဲ့ကြောင်း ဗဟိုဘဏ်က ပြောကြားခဲ့သည်။ အဆိုပါ သုံးလပတ်တွင်း ကင်ညာနိုင်ငံသည် ပဲတန်ချိန် ၂၀၈,၁၄၆ တင်ပို့ခဲ့ပြီး ၂၀၂၃ ခုနှစ် အလားတူကာလတွင် တန်ချိန် ၁၇၁,၃၈၄ မှ တိုးလာကြောင်း သိရသည်။

ကင်ညာနိုင်ငံမှ အဓိကတင်ပို့သော ဥယျာဉ်စိုက်ပျိုးရေးထွက်ကုန်များမှာ ဟင်းသီးဟင်းရွက်များ၊ အသီးအနှံများနှင့် အလှပန်းများဖြစ်ပြီး ဥရောပတွင် ပန်းများအဓိကရောင်းချခြင်းမှ ဝင်ငွေအများစုကို ရရှိနေခြင်းဖြစ်သည်။ ဥရောပတွင် နယ်သာလန်နှင့် ဗြိတိန်တို့သည် ကင်ညာနိုင်ငံအတွက် အကြီးဆုံးဥယျာဉ် စိုက်ပျိုးရေး ထွက်ကုန်စျေးကွက်များဖြစ်ပြီး အာရှတွင် တရုတ်၊ အိန္ဒိယနှင့်ကာဇတ်စတန်တို့ရှိသည်။

ကင်ညာသည် ၎င်း၏ ထုတ်ကုန်များအတွက် အထူးသဖြင့် အာဖရိကတွင် စျေးကွက်သစ်များ ရှာဖွေလျက်ရှိပြီး မေလတွင် ကင်ညာနိုင်ငံသည် အီသီယိုပီးယားနှင့်အတူ ဘုံစျေးကွက်အတွက် အရှေ့နှင့်တောင်ပိုင်းအာဖရိက (COMESA)နှင့် အရှေ့ အာဖရိကအသိုက်အဝန်း (EAC) Horticultural Accelerator ပမာဏခြေလှမ်းကို အကောင်အထည်ဖော်ရန် ရွေးချယ်ထားသည့် နိုင်ငံငါးနိုင်ငံအနက်မှ တစ်နိုင်ငံအဖြစ်ပါဝင်ခဲ့သည်။ ယင်းနိုင်ငံငါးနိုင်ငံတို့မှာ ကင်ညာ၊ အီသီယိုးပီးယား၊ ရဝန်ဒါ၊ တန်ဇနီယားနှင့် ယူဂမ်ဒါတို့ဖြစ်သည်။ COMESA အတွင်းရေးမှူးချုပ်မှ ပရိုဂရမ်များအတွက် လက်ထောက်အထွေထွေ အတွင်းရေးမှူး၊ Mohamed Kadah က အဆိုပါ အစီအစဉ်သည် ဒေသနှစ်ခုကို နိုင်ငံများ၏ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်ကဏ္ဍများ ကြီးထွားမှုကို အရှိန်မြှင့်ပေးမည်ဟု မကြာသေးမီက ပြောကြားခဲ့သည်။

**Source : English.news**

**Source:** https://www.doca.gov.mm

## STOCK EXCHANGE (13.8.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 13th Aug. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,679 (Shares) | 40,907,750 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,100 | +100 | +1.11% | 9,000 | 9,100 | 9,000 | 2,328 | 20,953,000 | 33,109,694 | 301,298 |
| MTSH | 00002 | 3,450 | +50 | +1.47% | 3,400 | 3,450 | 3,400 | 2,629 | 8,963,600 | 38,929,150 | 134,306 |
| MCB | 00003 | 8,500 | +100 | +1.19% | 8,500 | 8,500 | 8,500 | 1 | 8,500 | 10,400,986 | 88,408 |
| FPB | 00004 | 1,800 | +0 | +0.00% | 1,800 | 1,850 | 1,800 | 1,862 | 3,351,650 | 29,664,613 | 53,396 |
| TMH | 00005 | 2,800 | -50 | -1.75% | 2,850 | 2,850 | 2,800 | 55 | 154,050 | 12,823,224 | 35,905 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 1,324 | 2,291,350 | 19,977,223 | 34,960 |
| AMATA | 00007 | 4,600 | +0 | +0.00% | 4,600 | 4,600 | 4,600 | 232 | 1,067,200 | 10,497,598 | 48,289 |
| MAEX | 00008 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 1,248 | 4,118,400 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 13th Aug. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 410.95 | +3.00 | +0.74% | 407.95 | 410.95 | 407.61 | 9,679 | 40,907,750 | 8 | 775,118 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 13th Aug. 2024

| Trading Volume | Trading Value |
|---|---|
| 9,679 (Shares) | 40,907,750 (MMK) |

### Main Board

As of 1:00 pm, 13th Aug. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,679 (Shares) | 40,907,750 (MMK) |

| MYANPIX | 410.95 ▲ 3.00 |
|---|---|
| Total Volume (shares) | 9,679 |
| Total Value (MMK) | 41 mil |
| Listed Company | 8 |
| Market Cap. (MMK) | 775,118 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,100 | ▲ 100 |
| MTSH | 00002 | 3,450 | ▲ 50 |
| MCB | 00003 | 8,500 | ▲ 100 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 2,800 | ▼ 50 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,600 | ▲ 0 |
| MAEX | 00008 | 3,300 | ▲ 0 |